

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**HR-VA No. 104 – Driver**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်း အရှည်ကြာဆုံးနှင့် ဦးဆောင် ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်း မွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ယာဉ်မောင်း

| | | |
|---|---|---|
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) |
| ဌာန | : | စီမံရေးရာဌာန |
| တာဝန်ကျရာနေရာ | : | နေပြည်တော်/ရန်ကုန် |
| အဆင့် | : | B-2 |
| အကျိုးခံစားခွင့်များ | : | လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အိမ်ပြန်နားရက်ခံစားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအားပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ |
| လျှောက်လွှာပိတ်ရက် | : | ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်၊ (၁၆:၃၀)နာရီ |

### ဌာန၏အကြောင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်ရှိ ဌာန(၁၃)ခုတွင် **စီမံရေးရာဌာန**သည် တစ်ခုအပါအဝင်ဖြစ်သည်။ စီမံရေးရာဌာနကို ဌာနစု (၂) ခု၊ ဌာနစိတ် (၈) ခုတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဌာနစိတ်များမှာ ရုံးအဖွဲ့၊ အဆောက်အဦဌာနစိတ်၊ မော်တော်ယာဉ်ဌာနစိတ်၊ လုံခြုံရေးဌာနစိတ်၊ စာကြည့်တိုက်၊ သန့်ရှင်းရေး ဌာနစိတ်၊ ဥယျာဉ်ဌာနစိတ်၊ စားရိပ်သာဌာနစိတ်တို့ဖြစ်ပြီး၊ ဌာနများ၏ ရုံးလုပ်ငန်းများ စနစ်တကျရှိရေး၊ ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်၊ စားသောက်၊ သွားလာရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ရည်ရွယ်ချက်

**ယာဉ်မောင်း** သည် မော်တော်ယာဉ်ဌာနစိတ်တွင် နေပြည်တော်ရှိ ဌာနချုပ်၌ ယာဉ်မောင်း (၅) ဦး၊ ရန်ကုန်ရုံးခွဲ ယာဉ်မောင်း (၁၁) ဦး စုစုပေါင်းယာဉ်မောင်း (၁၆) ဦး ရှိပါသည်။ ယာဉ်မောင်းဝန်ထမ်းသည် ဝန်ထမ်းများနှင့် အသင်းပိုင်ပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ စနစ်တကျ လုံခြုံစွာသယ်ယူ ပို့ဆောင်ပေးရန်ဖြစ်ပါသည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

## တာဝန်နှင့်ဝတ္တရားများ

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ**

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးထားသော အသင်းပိုင်မော်တော်ယာဉ်ကို သတ်မှတ်ထားသော မော်တော်ယာဉ် လက်စွဲစည်းမျဉ်းစည်းကမ်းများစာအုပ်ပါ စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ရမည်။

၂။ ဝန်ထမ်းများနှင့် ကုန်ပစ္စည်းများအား ညွှန်ကြားချက်နှင့်အညီ စနစ်တကျလုံခြုံစွာ သယ်ယူပို့ဆောင်ပေးနိုင်ရမည်။

၃။ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေနှင့် ညွှန်ကြားချက်များကို နားလည်သိရှိပြီး လိုက်နာဆောင်ရွက်ရမည်။

၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်းပိုင် မော်တော်ယာဉ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အုပ်ချုပ်ရေးစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ကောင်းစွာပြုပြင် ထိန်းသိမ်းမောင်းနှင် နိုင်ရမည်။

၅။ မော်တော်ယာဉ်ကို စနစ်တကျနှင့် လုံခြုံမှုရှိစွာသုံးစွဲကြောင်းတာဝန်ယူရန်နှင့် ထုတ်ပေးထားသော ယာဉ်ပြင်ကိရိယာများ(ဂျိုင်းထောက်၊ စက်ပြင်ကရိယာ.. စသည့်) တို့ကို စနစ်တကျအသုံးပြုရမည်။

၆။ မော်တော်ယာဉ်အကြောင်းကောင်းစွာနားလည်ပြီး နယ်မြေလမ်းကြောင်းအခြေအနေပေါ် မူတည်၍ ကောင်းမွန်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

၇။ ယာဉ်ပြင်ကိရိယာအကြောင်း ကောင်းစွာနားလည်အသုံးပြုနိုင်သူဖြစ်ရမည်။

၈။ မိမိတာဝန်ယူရသည့်မော်တော်ယာဉ်ကို နေ့စဉ်မော်တော်ယာဉ်စစ်ဆေးမှုအတွက် သတ်မှတ်ထားသော ပုံစံပါအချက်များအတိုင်း စစ်ဆေးထိန်းသိမ်းရမည်။

၉။ မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းများ၊ မော်တော်ယာဉ်အသုံးပြုမှတ်တမ်းများ၊ စက်သုံးဆီသုံးစွဲမှု မှတ်တမ်း (Work Ticket) တို့ကို မော်တော်ယာဉ်စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ထိန်းသိမ်း ဖြည့်စွက်နိုင်သူဖြစ်ရမည်။

၁၀။ မော်တော်ယာဉ်နှင့်ပတ်သတ်သော အသေးစားပြင်ဆင်မှုများအတွက် စစ်ဆေးနိုင်ပြီး ပြင်ဆင်နိုင်ရမည်။

၁၁။ ရုံးစည်းကမ်းပါ အလုပ်ချိန်သတ်မှတ်ချက်အတိုင်း လုပ်ငန်းဆောင်ရွက်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ အချိန်ပိုဆက်လက်ထမ်းဆောင်ရန် လိုအပ်ပါက လေးစားစွာ နာခံဆောင်ရွက်တတ်ရမည်။

၁၂။ လုပ်ငန်းလိုအပ်ချက်အရ ခရီးဝေးမောင်းနှင်နိုင်သူဖြစ်ရမည်။

၁၃။ ယာဉ်မောင်းတာဝန်အပြင် အသင်း၏လိုအပ်ချက်အရ ထပ်မံပေးအပ်သည့် သီးခြားတာဝန်များကိုလည်း ထမ်းဆောင်နိုင်သူဖြစ်ရမည်။



# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-VA No. 104 – Driver

<u>လိုအပ်သောအရည်အချင်းများ</u>

- လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရမည်။
- အရက်သေစာနှင့် မူးယစ်စေတတ်သောအရာများ မသုံးစွဲသူ ဖြစ်ရမည်။
- ပြစ်မှုမှတ်တမ်း ကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။
- မော်တော်ယာဉ်အသေးစားပြင်ဆင်မှု လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူ(၇)ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျည်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လို စိတ်ရှိသူဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီလူမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိပြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူအား ဦးစားပေးမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးချုပ်**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးခွဲ**
**အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်။**

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။
အသေးစိတ်အချက်အလက်များအား www. redcross.org.mm
တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*